*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်မီးနပ်(စ်)' ဝတ္ထုမှ ဇာတ်ဆောင်တို့၏ အပြန်အလှန် နှုတ်ပြောစကားစဉ် ချိုးဖောက်မှုများကို လေ့လာခြင်း

ခင်သန္တာကျော်*

## စာတမ်းအကျဉ်း

လူမှုဆက်ဆံရေးကို အဆင်ပြေချောမွေ့စေရန် ဖန်တီးပေးသည့် အပြန်အလှန် နှုတ်ပြောစကားစဉ်များ ရှိသည်။ ထိုနှုတ်ပြောစကားစဉ်ထဲတွင် တစ်ခါတစ်ရံ ချိုးဖောက်၍ ပြောဆိုသော နေရာများ ရှိသည်။ ထို့ကြောင့် ဤစာတမ်းသည် အပြန်အလှန် နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်ရာနေရာကို သိရှိလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားသော စာတမ်း ဖြစ်သည်။ ထိုသို့ လေ့လာရာတွင် ချိုးဖောက်မှုနည်းလမ်း (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားပါမည်။ ထို့ပြင် ထိုချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို Literary သီအိုရီရှိ ပါမောက္ခ Martha Ramipton ၏ Four waves Feminisn ဖြင့် ချိတ်ဆက်၍လည်း လေ့လာပြသွားပါမည်။ နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်မှုနေရာ အမြောက်အများကို စာပေစာသား၏ အပြောစကားစဉ်ထဲတွင် တွေ့ရှိရသည့်အပြင် ဇာတ်ဆောင်တို့၏ စရိုက်လက္ခဏာတို့ကိုလည်း လေ့လာတွေ့ရှိလာရမည် ဖြစ်သည်။

## နိဒါန်း

ဘာသာစကားသည် ဆက်သွယ်ရေးအတွက် လက်နက်တစ်ခု ဖြစ်သည်။ ဘာသာစကား၏ အဓိကတာဝန်သည် အချက်အလက်များ ထုတ်လုပ်ပေးရန်နှင့် လူမှုဆက်ဆံရေးကို ဖန်တီးပေးရန်တို့ ဖြစ်သည်။ ဆက်သွယ်မှုကြားတွင် ပါဝင်သရုပ်ဆောင်မှုများ ဖြစ်ပေါ်လာသည်။ ထိုအရာများမှာ အပြန်အလှန် နှုတ်ပြောစကားစဉ်ပင် ဖြစ်ပါသည်။ ပါဝင်သူတို့သည် ချောမွေ့သော အပြန်အလှန် နှုတ်ပြောစကားစဉ်အတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်။ တစ်ခါတစ်ရံတွင် လူတို့သည် ချိုးဖောက်မှုနေရာကို အပြန်အလှန် နှုတ်ပြောစကားစဉ်တွင် တွေ့ရှိနိုင်သည်။ အပြန်အလှန် နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်မှုနေရာသည် မြောက်များစွာသော စာပေစာသား၏ အပြောစကားထဲတွင် တွေ့ရှိနိုင်သည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ လေ့လာရသည့် ရည်ရွယ်ချက်

ဤစာတမ်းသည် အပြန်အလှန် နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်မှုနေရာများကို လေ့လာခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုမှနေ၍ အဓိကဇာတ်ဆောင် (၂)ဦး၏ ချိုးဖောက်မှုအတိုင်းအတာနှင့် ထိုချိုးဖောက်မှုအတိုင်းအတာ ရာခိုင်နှုန်းမှနေ၍ ဇာတ်ဆောင်နှစ်ဦး၏ စရိုက်လက္ခဏာကို ဖော်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားပါသည်။

## ၁၊ ၁။ လေ့လာမှုနယ်ပယ် သတ်မှတ်ခြင်း

ဤစာတမ်းကို လေ့လာရာတွင် လက်တွေ့အတ္ထဗေဒနှင့် စာပေနယ်ပယ်မှနေ၍ လေ့လာထားသည်။ အလေ့လာခံဝတ္ထုမှာ တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုထဲမှ အဓိကဇာတ်ဆောင် (၂)ဦး၏ အပြန်အလှန် နှုတ်ပြောစကားစဉ်ကို လေ့လာထားပါသည်။

## ၁၊ ၂။ စာပေလေ့လာတွေ့ရှိချက်

ချိုးဖောက်မှုနည်းလမ်း အသုံးပြု၍ လေ့လာထားသော မြန်မာစာတမ်းများ၊ မြန်မာစာကျမ်းများကို မတွေ့ရှိရပါ။ အင်္ဂလိပ်စာကျမ်းများတွင်မူ တွေ့ရှိရသည်။

မကြည်ကြည်ဇင် (၂၀၁၁) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဉ်မှာ 'An Analysis of Utterances in the Novel the Adventures of Tom Sowyer by Mark Twain Based of Grice's Co-Operative Principle' ဖြစ်ပါသည်။ ထိုမဟာဝိဇ္ဇာကျမ်းတွင် အဓိကဇာတ်ဆောင်ကို အရည်အသွေးနည်းလမ်း၊ အရေအတွက်နည်းလမ်း၊ အဆက်အစပ်နည်းလမ်းနှင့် အပြုအမူနည်းလမ်း ဟူ၍ နည်းလမ်း (၄)မျိုး အသုံးပြု၍ လေ့လာတင်ပြသွားပါသည်။

မဆင့်ဆင့်စမ်း (၂၀၁၂) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဉ်မှာ 'A Study on Conversational Implicatures in the Novel The Invisible Man' ဖြစ်ပြီး အဓိကဇာတ်ဆောင်၏ စရိုက်လက္ခဏာကို နည်းလမ်း (၄)မျိုး အသုံးပြု၍ လေ့လာတင်ပြသွားပါသည်။

မခင်သန္တာမြင့် (၂၀၁၂) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဉ်မှာ 'A Study of the Flouting and Violating of Maxims in The Twelve Chairs By Ilf and Petro' ဖြစ်ပြီး ထိုမဟာဝိဇ္ဇာကျမ်းတွင်လည်း နည်းလမ်း (၄)မျိုး အသုံးပြု၍ ဇာတ်ဆောင်

တို့၏ စကားခွန်းများကို စာရေးဆရာက မည်သို့ဖန်တီးထားသနည်း ဟူသော ရှုထောင့်မှ လေ့လာတင်ပြထားသည်။

မဆုရီမိုး (၂၀၁၃)၏ 'A Study of the Flouting of Conversational Maxims in the Adventures of Huckleberry Finn By Mark Twain' ၏ ကျမ်းခေါင်းစဉ်တွင် အဓိကဇာတ်ဆောင်ကို နည်းလမ်း (၄)မျိုးဖြင့် လေ့လာပြသွားပါသည်။ ထိုသို့ လေ့လာရာတွင် အဓိကဇာတ်ဆောင်က မည်သည့်နည်းလမ်းကို အများဆုံး မည်သို့ ပြုလုပ်သည်ကို လေ့လာပြသွားသည်။

မအေးစန္ဒာအောင် (၂၀၁၄)၏ 'A Study of The Flouting of Conversational Maxims in The Novel No, 144 the Mysterious stranger By Marke Twan' မဟာဝိဇ္ဇာကျမ်းတွင် နည်းလမ်း (၄)မျိုးအနက် ဇာတ်ဆောင်သည် မည်သည့်နည်းလမ်းကို အများဆုံး ချိုးဖောက်သည်ကို လေ့လာပြထားသည်။

ယခုလေ့လာမည့်စာတမ်းသည် ချိုးဖောက်မှု (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားမည့်အပြင် Literary သီအိုရီရှိ ပါမောက္ခ Martha Ramipton ၏ Four waves Feminisn ဖြင့် ချိတ်ဆက်၍ အဓိကဇာတ်ဆောင် နှစ်ဦး၏ စရိုက်လက္ခဏာများကိုလည်း လေ့လာ တင်ပြထားပါသည်။

## ၁၊ ၃။ သုတေသနမေးခွန်း

- မည်သည့်ဇာတ်ဆောင်သည် နည်းလမ်း (၄)မျိုးအနက် မည်သည့်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး ပြုလုပ်သနည်း။
- မည်သည့်ဇာတ်ဆောင်သည် နည်းလမ်း (၄)မျိုးအနက် မည်သည့်နည်းလမ်းကို ရာခိုင်နှုန်း အနည်းဆုံး ပြုလုပ်သနည်း။
- Four waves Feminisn အရ ယောကျ်ားလေးစရိုက်လက္ခဏာ မည်သို့ ရှိသနည်း။
- Four waves Feminisn အရ မိန်းကလေးစရိုက်လက္ခဏာ မည်သို့ ရှိသနည်း။

## ၁၊ ၄။ အသုံးပြုမည့် သီအိုရီ

ဤစာတမ်းတွင် အသုံးပြုမည့် သီအိုရီမှာ Grice (၁၉၇၅)၏ Co-Operative Principle ကို အသုံးပြု၍ လေ့လာထားပါသည်။ ထိုသို့ လေ့လာရာတွင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြစ်သော အရည်အသွေးနည်းလမ်း၊ အရေအတွက်နည်းလမ်း၊ ဆက်သွယ်မှု နည်းလမ်း၊ အပြုအမူနည်းလမ်းတို့ဖြင့် လေ့လာသွားပါမည်။ ထို့အပြင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို Literary သီအိုရီရှိ ပါမောက္ခ Martha Rampton ၏ Four Waves Feminisn ဖြင့် ချိတ်ဆက်၍ လေ့လာတင်ပြသွားပါမည်။

အပြန်အလှန် နှုတ်ပြောစကားစဉ်တွင် ပြောသူ၊ နာသူ ဟူ၍ နှစ်ဦးရှိရာ ထိုပြောသူ၊ နာသူ နှစ်ဦးမှာလည်း ပူးပေါင်းဆောင်ရွက်မှု စကားလမ်းကြောင်းမှာ အဆင်ပြေ ချောမွေ့စေပါသည်။ သို့သော် တစ်ခါတစ်ရံတွင် မေးသောသူ မေးသည့် မေးခွန်းကို ပြန်ဖြေသူသည် မထီမဲ့မြင်ဖြင့် လည်းကောင်း၊ ရှောင်ဖယ်၍ လည်းကောင်း၊ မေးသော မေးခွန်းဖြစ်စဉ်ထဲမှ ထွက်၍ လည်းကောင်း၊ လိမ်ညာ၍ လည်းကောင်း ဖြေရခြင်းမျိုးလည်း ရှိသည်။ ထိုစကားလမ်းကြောင်းမှနေ၍ ချိုးဖောက်ပြောရသော နည်းလမ်းများမှာ–

၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၃။ ချိုးဖောက်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၄။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၅။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

တို့ဖြစ်သည်။ ထိုချိုးဖောက်သော နည်းလမ်း (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားမည့်အပြင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကိုလည်း ပါမောက္ခ Martha Rampton ၏ Four Waves Feminisn ဖြင့် ချိတ်ဆက်၍ လေ့လာတင်ပြသွားပါမည်။

ပါမောက္ခ Martha Rampton ၏ Four Waves Feminisn မှာ–

First Waves – (၁၉)ရာစု နောက်ပိုင်း (၂၀)ရာစု အရှေ့ပိုင်းလောက်တွင် စတင်သည်။ မြို့ပြ စက်မှုလက်မှုလုပ်ငန်းများမှ စတင် ပေါ်ပေါက်လာသည်။

(၁) မိန်းမများ မဲပေးပိုင်ခွင့် ရှိရမည်။

(၂) သိက္ခာ၊ အသိပညာ၊ မိန်းမတစ်ယောက် ရှိသင့်သည့် အခွင့်အရေး ရှိရမည်။

Second Waves – (၁၉၆၀) နှင့် (၁၉၉၀) ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သည်။

(၁) ယောကျ်ားနှင့် မိန်းမ တန်းတူအခွင့်အရေး ရှိရန်။

Third Waves – (၁၉၉၀) ဝန်းကျင်တွင် ပေါ်ပေါက်သည်။

(၁) မိန်းမဖြစ်သည့်အတွက် မိန်းမပုံစံ ရှိရမည်။ မိန်းမစရိုက် လက္ခဏာ ရှိရမည်။ မိန်းမပီပီသသ ရှိရမည်။ မိန်းမ အလှတရားများ ရှိရမည်။ လွတ်လပ်မှု ရှိရမည်။

Fourth Waves – (၁) မိန်းမစရိုက်လက္ခဏာ ရှိရမည့်အပြင် ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရှိရမည်။

(၂) အိမ်မှာလည်း ရှိရမည်။ အလုပ်ခွင်တွင်လည်း ရှိရမည်။ အမြင့်ဆုံးပညာများ၊ ဘွဲ့များရ၍ အဖွဲ့အစည်းကို ဦးဆောင် နိုင်သော ခေါင်းဆောင် ဖြစ်ရမည်။

(၃) စီးပွားရေးလုပ်ငန်းများတွင်လည်း ဦးဆောင်နိုင်ရမည်။

တို့ ဖြစ်ပါသည်။

## ၂။ **Co-Operative Principle သီအိုရီသုံး၍ လေ့လာခြင်း**

တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုထဲရှိ အဓိက ဇာတ်ဆောင် (၂)ဦးဖြစ်သော ဗဂျမ်းနှင့် လင်းရှုပါတို့၏ ပြောစကားများကို လေ့လာ ထားခြင်း ဖြစ်ပါသည်။

## ၂။ ၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၁]

မထီမဲ့မြင်ပြုသော လမ်းညွှန်တွင် ပြောသူသည် မထီမဲ့မြင် ဆန့်ကျင်နေသည့် အနေအထား ဖြစ်သည်။ ပြောသူသည် အကြောင်းအရာတစ်ခုကို တမင်ရည်ရွယ်ပြောခြင်း (သို့မဟုတ်) မထီမဲ့မြင်၊ မလေးမစား ပြောဆိုခြင်း ဖြစ်သည်။ ပြောသူသည် လိမ်ညာရန်အတွက် တမင်ရည်ရွယ်ခြင်းမျိုးလည်း ပါဝင်သည်။ ထိုပြောစကားသည် ခံစားမှုပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာသည်။

ဥပမာ–

A – ဘယ်အချိန်ရှိပြီလဲ

B – (၂)နာရီ ရှိပြီ၊ အမှန်တကယ်ကတော့ (၂)နာရီ (၄)မိနစ် ရှိပြီ၊ ဒီနေ့က တနင်္ဂနွေနေ့လေ။

## ၂။ ၁၊ ၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော အရည်အသွေးနည်းလမ်း

ထိုအရည်အသွေးလမ်းညွှန်တွင် ပြောသူသည် သက်သေမရှိသော အချက်အလက်များ၊ မဖြစ်နိုင်သော အချက်အလက်များကို မထီမဲ့မြင်ပြု ကန့်လန့်ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောက်ျားလေးစကားခွန်း

လင်းရှုပါ ➢ ဟယ်

ဗဂျမ်း ➢ ဘာဖြစ်လို့လဲ

လင်းရှုပါ ➢ ဖိနပ် ... ဖိနပ်ပြတ်သွားပြီ

ဗဂျမ်း ➢ ဘယ်လိုလုပ်မလဲ

လင်းရှုပါ ➢ ဘယ်လိုလုပ်ရမလဲ မသိဘူး၊ ကားကလည်း ပန်းခြံအပြင်မှာ ရပ်ထားရတာ၊ ဒီလိုလုပ်ပါလား

ဗဂျမ်း ➢ ဘယ်လိုလုပ်ရမလဲ

---

[၁] Flouting a maxim

လင်းရှုပါ ➢ ကျွန်မကို ဖိနပ်တစ်ရံ သွားဝယ်ပေးပါလား၊
ဘယ်လိုမှ သဘောမထားပါနဲ့လေ။

ဇဂျမ်း ➢ မထားပါဘူး

လင်းရှုပါ ➢ ဒါဖြင့်

ဇဂျမ်း ➢ ဟင့်အင်း...ဝယ်မပေးပါဘူး[၁]

အထက်ပါ စကားခွန်းသည် ဇာတ်ဆောင်ယောကျ်ားလေး၏ စကားခွန်း ဖြစ်သည်။ ဇာတ်ဆောင် ဇဂျမ်းနှင့် ဇာတ်ဆောင် လင်းရှုပါတို့သည် ပန်းခြံထဲရှိ တံတားပေါ်တွင် လမ်းအတူလျှောက်ရာမှ လင်းရှုပါ၏ဖိနပ် ပြတ်သွားသည်။ ထိုအခါ လင်းရှုပါက ဇဂျမ်းအား ဖိနပ်သွားဝယ်ပေးရန် ပြောသောအခါ ဇဂျမ်း၏ ပထမ စကားခွန်းသည် ဝယ်ပေးမည့်ပုံစံနှင့်ပြောပြီးမှ နောက်ဆုံးစကားခွန်းတွင်မှ မထီမဲ့မြင် ကန့်လန့်ပုံစံဖြင့် မဝယ်ပေးနိုင်ကြောင်းပြောသော စကားခွန်း ဖြစ်ပါသည်။

## ၂၊ ၁၊ ၂။ မထီမဲ့မြင်ပြုရာတွင် သုံးသော အရေအတွက်နည်းလမ်း

ထိုအရေအတွက်နည်းလမ်းသည် ပြောသူက လိုအပ်သော စကားခွန်းထက် ပိုပြောခြင်းမျိုး (သို့မဟုတ်) လျှော့ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း(၁)

ဦးတင်ကိုကို ➢ ဘာအလုပ်လုပ်သလဲ

ဇဂျမ်း ➢ မလုပ်

ဦးတင်ကိုကို ➢ အလုပ်မရှိဘူးလား

ဇဂျမ်း ➢ မရှိ

ဦးတင်ကိုကို ➢ ကျောင်းသားလား

ဇဂျမ်း ➢ ပြီး[၂]

---

[၁] စာ – ၅၃–၅၄။
[၂] စာ – ၁၁၁။

အထက်ပါစကားခွန်းမှာ ဇာတ်ဆောင်ဗဂျမ်းသည် လိုအပ်သော စကားခွန်းထက် လျော့ပြောခြင်း ဖြစ်သည်။ ဦးတင်ကိုကိုနှင့် လင်းရူပါတို့ကို အိမ်မှာ သဘောတူထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဗဂျမ်းသည် ဦးတင်ကိုကိုအပေါ် အမြင်မကြည်မလင်ဖြစ်၍ စကားခွန်းကို လိုအပ်သည်ထက် လျော့ပြောခြင်း ဖြစ်သည်။ အထက်ပါစကားခွန်းမှာ မထီမဲ့မြင်ပြုရာတွင်သုံးသော အရေးအတွက်နည်းလမ်း ဖြစ်သည်။

ဇာတ်ဆောင်ယောက်ျားလေးစကားခွန်း(၂)

| | |
|---|---|
| လင်းရူပါ | ➢ ရှင့်မှာ စက္ကူပါလား |
| ဗဂျမ်း | ➢ ဟင့်အင် … ရေပဲပါတယ်။ စက္ကူ မသုံးဘဲ ရေပဲ သုံးလိုက်ပါလား။ |
| လင်းရူပါ | ➢ ဘာ … ရှင်၊ ရှင်ဘာပြောပြန်တာလဲ |
| ဗဂျမ်း | ➢ မဟုတ်ဘူးလေ … ကျွန်တော်မှာ စက္ကူတော့ မပါဘူး။ အဲဒါကြောင့် ရေပဲ သုံးလိုက်ပါလားလို့၊ ဘာကိုသုံးသုံး ရည်ရွယ်ချက်အောင်မြင်ဖို့က အဓိက မဟုတ်လားဗျ[၁] |

ဤစကားခွန်းတွင် လင်းရူပါသည် ရေးမှတ်ရန်အတွက် စက္ကူ၊ စာရွက်တောင်းခြင်းကို ဗဂျမ်းက မထီမဲ့မြင်ပုံစံဖြင့် လိုအပ်သည်ထက် စကားခွန်းကိုပိုပြောခြင်း ဖြစ်သည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

| | |
|---|---|
| ဗဂျမ်း | ➢ ကောင်းပါပြီလေ … ဒီအတိုင်းပဲ ရပ်နေကြရမှာလား |
| လင်းရူပါ | ➢ ဒီအတိုင်း မရပ်ဘဲ ရှင်က ကနေချင်လို့လား [၂] |

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမမှ လင်းရူပါကို လမ်းမပေါ်ရပ်၍ ယတြာချေခိုင်းသဖြင့် လင်းရူပါသည် ဗဂျမ်းအား ခေါ်၍ လမ်းမပေါ်ရပ်ကာ ယတြာချေနေခြင်း ဖြစ်သည်။ လမ်းမပေါ် ရပ်နေရသည့် အချိန်ကာလ ကြာလာသောအခါ

---

[၁] စာ – ၄၇၁။

[၂] စာ – ၅၀။

ဗဂျမ်း မေးသည့် မေးခွန်းကို လင်းရူပါက မထီမဲ့မြင်ပြုကာ လိုအပ်သည်ထက် ပိုဖြေသွားသော စကားခွန်း ဖြစ်သည်။

## ၂၊ ၁၊ ၃။ မထီမဲ့မြင်ပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

ထိုအဆက်အစပ်နည်းလမ်းသည် နေ့စဉ်ပုံမှန်ပြောသော နှုတ်ပြောစကားစဉ်ထဲရှိ အပြုအမူထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ပြောသူနှင့်နာသူတို့၏ အပြန်အလှန် ပြောစကားသည် ဆက်စပ်မှု ရှိရမည်။ ဆက်စပ်မှုဆိုသည်မှာ ပြောသူ၏အမေးနှင့် ကြားသူ၊ နာသူ၏အဖြေသည် ဆက်စပ်မှုရှိရမည် ဖြစ်သည်။ အပြန်အလှန် နှုတ်ပြောစကားစဉ်ထဲတွင် တိကျမှု ရှိရမည်။

ဇာတ်ဆောင်ယောက်ျားလေးစကားခွန်း

| | |
|---|---|
| သူငယ်ချင်း | ➢ ငါ့ရည်းစားဟောင်းတွေကွာ၊ မိုးထွေးတို့ ... မာလာတို့ ဝတ်ရည်တို့ ... အကုန်လုံးကွာ |
| ဗဂျမ်း | ➢ ဘာဖြစ်သတုန်း |
| သူငယ်ချင်း | ➢ နောက်ဆုံးကျတော့ သူတို့ ငါ့ကို သစ္စာမရှိကြဘူး |
| ဗဂျမ်း | ➢ ဘယ်ကနွားတွေလဲ |
| သူငယ်ချင်း | ➢ ဟင် |
| ဗဂျမ်း | ➢ မောင်းလွှတ်လိုက်တာပေါ့ |
| သူငယ်ချင်း | ➢ အဲ့လိုတော့မပြောပါနဲ့ကွာ |
| ဗဂျမ်း | ➢ မင်းကိုပြောတာမဟုတ်ဘူး၊ ဒေါ်ရွှေကိုပြောတာ |

သူငယ်ချင်း ➢ ဘာ

ဗဂျမ်း ➢ ဆိုင်ရှင်ဒေါ်ရွှေကို ပြောနေတာ၊ ဟိုနွားကြီး တွေကို ဘယ်လိုလုပ်ရမှန်း မသိဘူးဆိုလို့ မောင်းထုတ်လိုက်တာပေါ့လို့ ပြောနေတာ[၁]

အထက်ပါစကားခွန်းသည် ဗဂျမ်း၏သူငယ်ချင်းဖြစ်သူက သူ၏ရည်းစားဟောင်းများ သူ့အပေါ် သစ္စာမရှိကြသဖြင့် မည်သို့ပြုလုပ်ရမည်ကို ဗဂျမ်းထံမှ အကြံဉာဏ် လာတောင်းခြင်း ဖြစ်သည်။ ထိုသူငယ်ချင်းပြောသော စကားခွန်းများနှင့် ဆက်စပ်မှု မရှိ၊ ဆီလျော်မှုမရှိသည့် စကားခွန်းများကို ဗဂျမ်းမှ ပြန်ဖြေသွားသဖြင့် မထီမဲ့မြင်ပြု ရာတွင် သုံးသော အဆက်အစပ်နည်းလမ်းကို တွေ့ရပါသည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

စက်ဘီးသမား ➢ ကားဘယ်လိုမောင်းလာတာလဲ

လင်းရူပါ ➢ ကိုယ်ကရော စက်ဘီး ဘယ်လိုနင်းလာလဲ[၂]

ထိုစကားခွန်းမှာ လင်းရူပါသည် ကားမောင်းလာရာတွင် စက်ဘီးစီးလာသူကို တိုက်မိမလိုဖြစ်ရာ စက်ဘီးသမား၏အမေးနှင့် ဆက်စပ်သည့်အဖြေကို လင်းရူပါမှ ပြန်မဖြေပေ။ ထို့ကြောင့် မေးသူ၏စကားခွန်းနှင့် ဆက်စပ်မှု ဆီလျော်မှု မရှိသည့် မထီမဲ့မြင်ပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း ဖြစ်သည်။

### ၂။ ၁၊ ၄။ မထီမဲ့မြင်ပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ထိုနည်းလမ်းမှာ ပြောသူသည် နာသူကို အနက်အဓိပ္ပာယ် ထွေပြားသော၊ မရေရာသော မပြတ်သားသော စကားခွန်းပုံစံ ဖြစ်သည်။ တစ်ခုထက်ပိုသော အနက် အဓိပ္ပာယ်များ ပါဝင်သော စကားခွန်းပုံစံ၊ စေ့စပ်တိကျမှု မရှိသော စကားခွန်းပုံစံ တို့ကို သုံး၍ ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

လင်းရူပါ ➢ ရှင်တို့ အဆင်ပြေပါ့မလား

ဗဂျမ်း ➢ ဖြစ်လာမှာပါ[၃]

---

[၁] စာ – ၆၂။

[၂] စာ – ၇၉။

[၃] စာ – ၁၁၆။

ဤစကားခွန်းသည် လင်းရှုပါအဖေနှင့် ဗဂျမ်းတို့ ကားပေါ်တွင် စကားပြော နေကြသည်ကို လင်းရှုပါက စိုးရိမ်ပြီး ဖုန်းနှင့်လှမ်းမေးသော စကားခွန်း ဖြစ်သည်။ လင်းရှုပါမေးသော မေးခွန်းကို ဗဂျမ်းက မပြတ်သားသော စကားခွန်းပုံစံနှင့် ပြန်ဖြေသည်။

## ၂၊ ၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း [၁]

ဤနည်းလမ်းမှာ ဥပဒေကို မလိုက်နာခြင်း၊ နာခံခြင်း မရှိသော ဥပဒေ ဖြစ်သည်။ ပြောသူသည် နာသူကို ပြည့်စုံလုံလောက်သော အချက်အလက် မပေးပေ။

ဥပမာ–

A – မင်းခွေး ကိုက်တတ်လား

B – မကိုက်တတ်ဘူး

A – မင်းခွေး မကိုက်တတ်ဘူးဆို၊ ခု မင်းခွေးကိုက်လိုက်ပြီ

B – အဲ့ဒါ ငါ့ခွေးမှ မဟုတ်တာ

## ၂၊ ၂၊ ၁။ ဆန့်ကျင်မှုပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

| | |
|---|---|
| ဗဂျမ်း | ➢ ခြင်ကိုက်လား |
| လင်းရှုပါ | ➢ ကိုက်တယ် |
| ဗဂျမ်း | ➢ အတော်ကိုက်လား |
| လင်းရှုပါ | ➢ အင်း |
| ဗဂျမ်း | ➢ ကျွန်တော် ရိုက်ပေးရမလား |
| လင်းရှုပါ | ➢ အို မလိုပါဘူး |

[၁] Violating a maxim

ဗဂျမ်း ➢ ဟို … ဒါဖြင့် ဟိုဒင်း

လင်းရှုပါ ➢ ဒါဖြင့် … ဘာဖြစ်လဲ

ဗဂျမ်း ➢ ပဲကြီးလှော်စားမလား

လင်းရှုပါ ➢ ဘာ [၁]

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမ၏ အကြံပေးချက်အရ လမ်းမပေါ်တွင် တစ်နေကုန်ရပ်၍ လူအများခံသည့် ယတြာချေနေခြင်း ဖြစ်သည်။ ညပိုင်းရောက်လာသောအခါ ခြင်ကိုက်လာသဖြင့် ဗဂျမ်းက 'ခြင်ကိုက်လား' ဟု မေးရာမှ နေ၍ မေးသော မေးခွန်းနှင့် အဆက်အစပ်မရှိ ဆန့်ကျင်သော စကားခွန်းကို မေးလိုက်ခြင်းဖြစ်သည်။

## ၂။ ၂။ ၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

လင်းရှုပါအဖေ ➢ မင်း ခုနက ငါ့ကို ဘယ်လိုပြောလိုက်တယ်

ဗဂျမ်း ➢ ခု ပါပါက ဘယ်သွားမှာတုန်းလို့

လင်းရှုပါအဖေ ➢ မင်းက ငါ့ကို ပါပါလို့ ခေါ်စရာလား

ဗဂျမ်း ➢ မဟုတ်ပါဘူး

လင်းရှုပါအဖေ ➢ ဘာမဟုတ်တာလဲ

ဗဂျမ်း ➢ ပါပါလို့ ခေါ်စရာ မဟုတ်တာ

လင်းရှုပါအဖေ ➢ ဒါဖြင့် ဘာလို့ ခေါ်တာလဲ

ဗဂျမ်း ➢ ဟင် … သူ့ခေါ်တာလဲ မဟုတ်ဘဲနဲ့

---

[၁] ဇာ – ၁၅၇။

| | |
|---|---|
| လင်းရှုပါအဖေ | ➢ ဒါဖြင့် ခုနက ပါပါ ဘယ်သွားမှာလဲလို့ ဘာကိစ္စ ငါ့ကိုမေးရတာလဲ |
| ဇဂျမ်း | ➢ အန်ကယ်ကြီးနာမည်က ပါပါလား |
| လင်းရှုပါအဖေ | ➢ ဟော့ကောင် မင်း အူကြောင်ကြောင် လုပ်မနေနဲ့ |
| ဇဂျမ်း | ➢ မလုပ်ပါဘူးဗျာ၊ ကျွန်တော် မေးတာက လင်းရှုပါက ဘယ်သွားမှာလဲလို့ မေးတာ၊ လင်းရှုပါကို ကျွန်တော်က အတိုကောက် ပါပါလို့ ခေါ်တာ [၁] |

အထက်ပါစကားခွန်းသည် လင်းရှုပါ၏အဖေနှင့် ဇဂျမ်းတို့ အပြန်အလှန်ပြောသော စကားခွန်း ဖြစ်သည်။ လင်းရှုပါ၏အဖေသည် သူ့ကို ဇဂျမ်းမှ ပါပါဟု ခေါ်သည်ကို မကြိုက်သဖြင့် မခေါ်ရန် ဇဂျမ်းအား ပြောသည်။ ဇဂျမ်းသည်လည်း 'ပါပါ' စကားသည် လင်းရှုပါအဖေကိုခေါ်သည် မဟုတ်ကြောင်းနှင့် လင်းရှုပါကို ခေါ်ခြင်းသာဖြစ်ကြောင်း အပြန်အလှန်ပြောသော စကားခွန်း ဖြစ်ပါသည်။ ထိုစကားခွန်းများသည် လင်းရှုပါအဖေ မကြိုက်သည့်စကားကို ဆန့်ကျင်သော အပြုအမူနှင့် ပြောသော စကားခွန်း ဖြစ်သည်။

## ၂၊ ၃။ ချိုးဖောက်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၂]

ဤနည်းလမ်းသည် ပြောသူက ရည်ရွယ်ချက် ရှိ၍သော် လည်းကောင်း၊ ရည်ရွယ်ချက် မရှိ၍သော် လည်းကောင်း၊ စကားနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြောနေခြင်း ဖြစ်သည်။ စည်းမျဉ်းချိုးဖောက်ရခြင်း အကြောင်းအရင်းတစ်ခုမှာ ပြောသူသည် ဘာသာစကားကို အပြည့်အ၀ နားမလည်သဖြင့် စည်းမျဉ်းချိုးဖောက်မှု မျိုးလည်း ရှိသည်။

ဥပမာ – ကလေး၊ နိုင်ငံခြားသား

| | | |
|---|---|---|
| မြန်မာနိုင်ငံသား | – | ကြက်ဥအသားညှပ်ယူမလား၊ တူနာအသားညှပ်ယူမလား |
| နိုင်ငံခြားသား | – | ဟုတ်ကဲ့ |

---

[၁] ဇာ – ၁၀၂။

[၂] Infringing a maxim

## ၂၊ ၃၊ ၁။ ချိုးဖောက်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

| | |
|---|---|
| လင်းရှုပါအဖေ | ➢ ငါ လင်းရှုပါတို့အဖေ စကားပြော နေတယ် |
| ဗဂျမ်း | ➢ သြော် ပါပါရယ် |
| လင်းရှုပါအဖေ | ➢ မင်းက ဘယ်လိုကောင်လဲကွ ဒီမယ် မင်းကို ငါ အရှင်းဆုံး ပြောမယ် |
| ဗဂျမ်း | ➢ ဟုတ်...ဟုတ်ကဲ့၊ ဒါထက် အန်ကယ် မျက်နှာသစ်ပြီးပြီလား |
| လင်းရှုပါအဖေ | ➢ မင်း မသစ်ရသေးလို့လား |
| ဗဂျမ်း | ➢ ဘယ်သစ်ရဦးမလဲ ... ခုမှနိုးတာ၊ ကိစ္စ မရှိပါဘူး၊ အန်ကယ်နဲ့ ကျွန်တော်က ခုမှသိတဲ့သူတွေမှ မဟုတ်တာ၊ ကျွန်တော် မျက်နှာဟောင်းတွေပဲ ပြောလို့ ရပါတယ်[၁] |

အထက်ပါ စကားခွန်းသည် ပြောနေသော စကားစဉ်မှနေ၍ စည်းမျဉ်း ချိုးဖောက်သော အပြုအမူနည်းလမ်း ဖြစ်သည်။ လင်းရှုပါ၏အဖေသည် သူ၏သမီးနှင့် မပတ်သက်ရန် ဗဂျမ်းကို ဖုန်းဆက်ပြောသော စကားခွန်း ဖြစ်သည်။ လင်းရှုပါ၏အဖေ ဦးတည်ပြောသော စကားခွန်းကို ကြားမှဖြတ်၍ စည်းကမ်းချိုးဖောက်သော အပြုအမူ နှင့် ဗဂျမ်းက စကားလမ်းကြောင်းလွှဲသော စကားခွန်း ဖြစ်ပါသည်။

## ၂၊ ၄။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၂]

ဤနည်းလမ်းသည် လူ့အဖွဲ့အစည်းများနှင့်ဆိုင်သော ကိစ္စများ၊ လူ့ကျင့်ဝတ်နှင့် ဆိုင်သော ကိစ္စများတွင် ပြောသူက ရှောင်လွှဲပြောဆိုခြင်းမျိုး ဖြစ်သည်။ တစ်နည်း လူအများနှင့် မပူးပေါင်းလိုသည့်အချိန်တွင် လည်းကောင်း၊ ခံစားမှုတစ်ခုခု ဖြစ်ပေါ်

---

[၁] စာ – ၁၄၅။

[၂] Opting out of a maxim

နေသည့်အချိန်တွင် လည်းကောင်း ပြောသူသည် စကားများ ရှောင်လွဲ၍ အမှားများ ထုတ်လုပ်ပြောဆိုခြင်းမျိုး ဖြစ်သည်။

ဥပမာ–

ရဲ – ဒီလူနာနဲ့ ပတ်သက်တဲ့ အချက်အလက်၊ ရောဂါအခြေအနေကို သိချင်လို့ပါ

ဆရာဝန် – ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ လူနာနဲ့ ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ ရောဂါအကြောင်းတွေကို အသေးစိတ် မပြောနိုင်ပါဘူး၊ ကျွန်တော်တို့ ဆေးရုံ စည်းကမ်းအရ လျှို့ဝှက်ပေးထားရမှာပါ။

## ၂၊ ၄၊ ၁။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အရေးအတွက်နည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

လင်းရူပါ ➢ ရှင် လူတကာကိုတော့ အကြံလျှောက် ပေးနေတယ်

ဗဂျမ်း ➢ အဲဒါတွေ လျှောက်ပြောမနေနဲ့၊ အသာထား လိုက်ဦး၊ ခင်ဗျား ဒီဖိနပ်ပြတ်ကိုပဲ ခြေထောက်နဲ့ အတင်းစီးပြီး တံတားဆုံးတဲ့ အထိ လျှောက်လိုက်ပေါ့ လျှောက်နိုင်ပါ့ မလား[၁]

ဤစကားခွန်းသည် ဗဂျမ်းက သူ၏သူငယ်ချင်းများ၊ မိတ်ဆွေများက အခက်အခဲ တွေ့သည့်အခါ ဗဂျမ်းထံ လာရောက်အကူအညီတောင်းကြသည်။ အကြံဉာဏ်တောင်း ကြသည်။ ဗဂျမ်းကလည်း လာရောက်အကူအညီတောင်းသမျှ အကြံဉာဏ်တောင်း သမျှကို အကြံပေးသည်။ ဤသည်ကို လင်းရူပါတွေ့၍ မေးသောအခါ ဗဂျမ်းက ရှောင်ဖြေကာ လိုအပ်သည်ထက် ပိုပြောသော စကားခွန်း ဖြစ်သည်။

[၁] စာ – ၅၄။

## ၂။ ၄၊ ၂။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

လင်းရှုပါ ➢ ဒါ…ဒါဆို ရှင်က လွတ် … လွတ်လပ်သူ မဟုတ်ဘူးပေါ့

ဗဂျမ်း ➢ ဟာ – လွတ်လပ်ပါတယ်ဗျာ၊ ကျွန်တော်နဲ့ ဒေါ်ရွှေနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဒေါ်ရွှေက အပျိုကြီးဆိုပေမဲ့ အသက်က (၆၀)နား ကပ်နေပြီ[၁]

လင်းရှုပါသည် လူပျိုလူလွတ်ဆိုလျှင် အကြွေးကင်းရမည်ဟု ယူဆထားသူ ဖြစ်သည်။ ဗဂျမ်းသည် လက်ဖက်ရည်ဆိုင်တွင် အကြွေးယူသောက်နေသဖြင့် လင်းရှုပါက ဗဂျမ်းကို အိမ်ထောင်သည်ဟု ထင်သွားသည်။ ဤသည်ကို ဗဂျမ်းသည် သူ့အား လင်းရှုပါက ဒေါ်ရွှေနှင့် အထင်လွဲသွားသည်ဟုထင်ကာ ဒေါ်ရွှေနှင့် မပတ်သက်ကြောင်း၊ ဒေါ်ရွှေက အပျိုကြီး အသက်(၆၀)နား ကပ်နေပြီ ဖြစ်ကြောင်း၊ လင်းရှုပါမေးသည့် စကားခွန်းနှင့် အဆက်အစပ်လွဲကာ ရှောင်ဖယ်ဖြေသော စကားခွန်း ဖြစ်ပါသည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

ဗဂျမ်း ➢ အာ … ခင်ဗျား လှလိုက်တာဗျာ

လင်းရှုပါ ➢ ရှည်မနေနဲ့ လစ်မယ် လာလာ[၂]

ဤစကားခွန်းသည် ဗဂျမ်းသည် လင်းရှုပါကိုတွေ့တွေ့ခြင်း အံ့အားသင့်၍ ပြောသောစကားကို လင်းရှုပါက လက်သင့်မခံဘဲ စကားလမ်းကြောင်းလွဲ၍ ရှောင်ဖယ် ဖြေသော စကားခွန်း ဖြစ်သည်။

## ၂။ ၄၊ ၃။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

ဗဂျမ်း ➢ ဘယ်ပန်းခြံလဲ

လင်းရှုပါ ➢ ရောက်တော့တွေ့မှာပေါ့[၃]

---

[၁] စာ – ၄၇၁။

[၂] စာ – ၁၄၈။

[၃] စာ – ၄၇။

ဗဂျမ်းက သွားမည့်ပန်းခြံကို လင်းရှုပါအား မေးရာ လင်းရှုပါက အဖြေကို အတိအကျ မပေးပေ။ ထို့ကြောင့် ဤစကားခွန်းသည်လည်း ရှောင်ဖယ်ဖြေသော အပြုအမူနည်းလမ်းပင် ဖြစ်သည်။

## ၂၊ ၅။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၁]

ပြောသူသည် ဂရုမစိုက်သော နည်းလမ်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နားထောင်သူ ကျေနပ်လောက်အောင် မျှော်လင့်ထားသော စကားမျိုး မဟုတ်ပေ။ ထိုနည်းလမ်းသည် ဆိုင်းငံ့ ရပ်တံ့သော နည်းလမ်း ဖြစ်သည်။ အခြေအနေတစ်ခု (သို့မဟုတ်) ကွဲပြားသော ယဉ်ကျေးမှုအရ ဆိုင်းငံ့ထားရခြင်း ဖြစ်သည်။

ဥပမာ–

| | | |
|---|---|---|
| သတင်းထောက် | – | မတရားပြုကျင့် ခံရတဲ့ ကောင်မလေး အကြောင်း သိချင်လို့ပါ |
| မှူခင်းဆရာဝန် | – | ကောင်မလေးကငယ်သေးတယ်၊ ကောင်မလေး အလောင်းကို တံတားနားမှာ တွေ့တယ်။ ကောင်မလေးက နေ့လယ် နှစ်နာရီ လောက်က သေဆုံးတာ |

အထက်ပါစကားခွန်းအရ မှူခင်းဆရာဝန်သည် ယဉ်ကျေးမှုအရ အသတ်ခံရသော ကောင်မလေးနာမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိ ဆိုင်းငံ့ထားခြင်း ဖြစ်သည်။

## ၂၊ ၅၊ ၁။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော အရေအတွက်နည်းလမ်း

ဇာတ်ဆောင်မိန်းခလေးစကားခွန်း

ဗေဒင်ဆရာမ ➢ အမျိုးသားဇာတာပါလား

လင်းရှုပါ ➢ အို ... ဟို မဟုတ်ပါဘူး[၂]

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမက လင်းရှုပါအား အမျိုးသားဇာတာပါလားဟု မေးရာ လင်းရှုပါမှာ အိမ်ထောင်မရှိ အပျိုဖြစ်သဖြင့် ဗေဒင်ဆရာမ၏

---

[၁] Suspending a maxim

[၂] စာ – ၄၄။

အမေးကို ရုတ်တရက် မဖြေနိုင်ဘဲ ဆိုင်းငံ့သွားရာ ဘေးမှ အတူလိုက်ပါလာသူ အစ်မမှ ဗေဒင်ဆရာမကို လင်းရှုပါမှာ အပျိုဖြစ်ကြောင်း ရှင်းပြရသည်။

## ၂။ ၅၊ ၂။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်မိန်းခလေးစကားခွန်း

ဗဂျမ်း ➢ ဒေါ်မြင့်မြင့်သိန်း ... ဟုတ်လား၊ သူက ဘယ်ကလဲ၊ ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ

လင်းရှုပါ ➢ ဟိုလေ ... သူက သူ့ကိုယ်သူ မော်ဒန်ကဝေမကြီးလို့ထင်နေတာ[၁]

ဒေါ်မြင့်မြင့်သိန်းမှာ မည်သည့်အတွက်ကြောင့် ဒေါသထွက်နေရသလဲဟု ဗဂျမ်းမှမေးရာ လင်းရှုပါက ဒေါသထွက်ရခြင်းအကြောင်းကို ဆိုင်းငံ့ထားပြီး အဖြေကို အတိအကျ မပေးပေ။ မော်ဒန်ကဝေမကြီးလို့ သူ့ကိုယ်သူထင်နေတာ ဟု မရေမရာ မတိကျသော အဖြေသာ ပေးသည်။

---

[၁] စာ – ၆၇။

## ဇာတ်ဆောင်ဗဂျမ်း၏ ချိုးဖောက်မှုနည်းလမ်းဇယား

| Co-operative Principle | မထိမဲ့မြင်ပြုသော နည်းလမ်း | ဆန့်ကျင်သော နည်းလမ်း | ချိုးဖောက်သော နည်းလမ်း | ရှောင်ဖယ်သော နည်းလမ်း | ဆိုင်းငံ့သော နည်းလမ်း | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| အရည်အသွေး | - | - | - | - | - | - | - |
| အရေအတွက် | ၂၀ | - | - | ၆ | - | ၂၆ | ၄၅.၆% |
| အဆက်အစပ် | ၆ | - | - | ၁၀ | - | ၁၆ | ၂၈.၁% |
| အပြုအမူ | ၆ | ၄ | ၂ | ၃ | - | ၁၅ | ၂၆.၃% |
| စုစုပေါင်း | ၃၂ | ၄ | ၂ | ၁၉ | - | ၅၇ | ၁၀၀% |
| ရာခိုင်နှုန်း | ၅၆.၁၄% | ၇.၀၂% | ၃.၅၁% | ၃၃.၃၃% | - | ၅၇ | ၁၀၀% |

## ဇာတ်ဆောင်လင်းရှုပါ၏ ချိုးဖောက်မှုနည်းလမ်းဇယား

| Co-operative Principle | မထိမဲ့မြင်ပြုသော နည်းလမ်း | ဆန့်ကျင်သော နည်းလမ်း | ချိုးဖောက်သော နည်းလမ်း | ရှောင်ဖယ်သော နည်းလမ်း | ဆိုင်းငံ့သော နည်းလမ်း | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| အရည်အသွေး | - | - | - | - | - | - | - |
| အရေအတွက် | ၉ | - | - | ၅ | ၃ | ၁၇ | ၅၁.၆% |
| အဆက်အစပ် | - | ၃ | - | ၅ | - | ၈ | ၂၄.၂% |
| အပြုအမူ | - | - | - | ၆ | ၂ | ၈ | ၂၄.၂% |
| စုစုပေါင်း | ၉ | ၃ | - | ၁၆ | ၅ | ၃၃ | ၁၀၀% |
| ရာခိုင်နှုန်း | ၂၇.၃% | ၉.၁% | - | ၄၈.၅% | ၁၅.၁% | ၃၃ | ၁၀၀% |

## ခြုံငုံသုံးသပ်ချက်

အထက်ပါဇယား(၂)ခုကို Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးနှင့် ဇာတ်ဆောင်နှစ်ဦး ဖြစ်သော ဗဂျမ်းနှင့် လင်းရှုပါတို့၏ စကားခွန်းများကို လေ့လာကြည့်ရာတွင်–

ပထမဇာတ်ဆောင်ဖြစ်သော ဗဂျမ်းသည် နည်းလမ်း (၄)မျိုးတွင် အသုံးပြုသော စကားခွန်း စုစုပေါင်းမှာ (၅၇)ခွန်း ဖြစ်သည်။ ဒုတိယဇာတ်ဆောင်ဖြစ်သော လင်းရှုပါသည် နည်းလမ်း (၄)မျိုးတွင် အသုံးပြုသော စကားခွန်း စုစုပေါင်းမှာ (၃၃)ခွန်း ဖြစ်သည်။ ဗဂျမ်းသည် နည်းလမ်း (၄)မျိုးထဲတွင် အရေအတွက်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး အသုံးပြုသည်။ ရာခိုင်နှုန်းအားဖြင့် (၄၅.၆%) ဖြစ်သည်။ အပြုအမူနည်းလမ်းသည် ရာခိုင်နှုန်း အနည်းဆုံး ဖြစ်သည်။ ရာခိုင်နှုန်းမှာ (၂၆.၃%) ဖြစ်သည်။ အရည်အသွေးနည်းလမ်းမှာ လုံးဝမရှိပါ။ အလားတူ ဒုတိယဇာတ်ဆောင် ဖြစ်သော လင်းရှုပါသည်လည်း နည်းလမ်း (၄)မျိုးထဲတွင် အရေအတွက်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး အသုံးပြုသည်။ ရာခိုင်နှုင်းမှာ (၅၁.၆%) ဖြစ်သည်။ အဆက် အစပ်နည်းလမ်းနှင့် အပြုအမူနည်းလမ်းသည် ရာခိုင်နှုန်း တူညီသည်။ ရာခိုင်နှုန်းမှာ (၂၄.၂%) ဖြစ်သည်။ အရည်အသွေးနည်းလမ်းမှာ လုံးဝမရှိပေ။

Four Waves Feminisn သီအိုရီ အသုံးပြု၍ ဤစာတမ်းတွင် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဖီးနပ်(စ်)' ဝတ္ထုထဲမှ အဓိကဇာတ်ဆောင် (၂)ဦး၏ စရိုက် လက္ခဏာများကို လေ့လာကြည့်ရာတွင် ဗဂျမ်းသည် ချိုးဖောက်မှုနည်းလမ်း (၅)မျိုးတွင် မထီမဲ့မြင်ပြုရာ၌ သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်း အများဆုံး ဖြစ်သည်။ ရာခိုင်နှုန်း အားဖြင့် (၅၆.၁၄%)ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဗဂျမ်းသည် ယောကျ်ားလေးစရိုက်ရှိပြီး တစ်ဖက်လူကို တမင်တကာ မထီမဲ့မြင် ကန့်လန့်ပြောဆို တတ်သော စရိုက်ရှိသူ ဖြစ်သည်။ ဗဂျမ်းသည် ချိုးဖောက်မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်းအားဖြင့် (၃.၅၁%)သာ ရှိသဖြင့် စကားစည်းမျဉ်းစည်းကမ်း များကို ချိုးဖောက်ပြောဆိုတတ်သော စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင် ဆိုင်းငံ့မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ကြိမ်ရေမရှိသည့်အတွက် ဗဂျမ်းသည် ကြောက်ရွံ့တတ်သူမဟုတ်။ စကားကို မဆိုင်းမတွ ရဲရဲဝံ့ဝံ့ ပြောဆိုတတ်သော ယောကျ်ားစရိုက်လက္ခဏာ အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

လင်းရှုပါ၏ စရိုက်လက္ခဏာကို လေ့လာကြည့်ရာတွင် ရှောင်ဖယ်မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်း အများဆုံး ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် (၄၈.၅%) ဖြစ်သည်။ ထို့ကြောင့် လင်းရှုပါသည် မိန်းကလေးစရိုက်ပီသစွာ ကိစ္စ

တစ်ခုခုကို ထိပ်တိုက်ရင်ဆိုင်ရန် ဝန်လေးသူ၊ မိန်းကလေးပီပီ ရှောင်လွဲကွေ့ပတ်ပြောတတ်သော မိန်းကလေး စရိုက်လက္ခဏာရှိသူ ဖြစ်သည့်အတွက် Four Waves Feminisn သီအိုရီထဲရှိ အချက်(၄)ချက်တွင် တတိယအချက်နှင့် စတုတ္ထအချက်တွင် ပါဝင်သော မိန်းကလေးတွင်ရှိသော စရိုက်လက္ခဏာနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရာခိုင်နှုန်း အနည်းဆုံးမှာ ဆန့်ကျင်မှုပြုရာတွင် သုံးသော နည်းလမ်းဖြစ်သည်။ ရာခိုင်နှုန်းမှာ (၉.၁%) ဖြစ်သည်။ လင်းရှုပါသည် ဆွေမျိုး သူငယ်ချင်းများ၊ မိတ်ဆွေများအပေါ်တွင် ဆန့်ကျင်မှုနည်းခြင်း၊ မိဘများ၏ဆိုဆုံးမမှုကို ဆန့်ကျင်မှုနည်းသော စရိုက်လက္ခဏာရှိသူ ဖြစ်ကြောင်း တွေ့ရသည့်အတွက် လင်းရှုပါသည် မိန်းကလေး စရိုက်အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

ဝတ္ထုပါ ဇာတ်ဆောင် (၂)ဦး၏ စရိုက်လက္ခဏာကို ကျားမ မခွဲဘဲ နှိုင်းယှဉ်လေ့လာကြည့်သောအခါ လင်းရှုပါမှာ စိတ်ဓာတ်ပျော့ညံ့ပြီး ကိစ္စတစ်ခုခုကို ရှောင်လွဲကွေ့ပတ်ပြောဆိုတတ်သော စရိုက်လက္ခဏာ ရှိသည်။ ထို့အပြင် မိဘ၊ ဆွေမျိုး၊ သူငယ်ချင်းများ၏ သဘောဆန္ဒနှင့် ဆန့်ကျင်မှုပြုရမည်ကို ဝန်လေးတတ်သော စရိုက်လက္ခဏာ အပြည့်ရှိသည်။ ထို့အပြင် စကားစည်းမျဉ်း စည်းကမ်းများကိုလည်း ချိုးဖောက်ပြောသူ မဟုတ်ကြောင်း တွေ့ရှိရသည်။

ဗဂျမ်းသည် ယောကျ်ားလေး စရိုက်လက္ခဏာတွင်သာ အများဆုံးရှိသည့် တဖက်လူကို တမင်တကာ အရွဲ့တိုက်၍ မထီမဲ့မြင်ပြုတတ်သူ ဖြစ်သည်။ ထို့ပြင် စကားစည်းမျဉ်း စည်းကမ်းများကိုလည်း ချိုးဖောက်၍ ပြောဆိုတတ်သူ ဖြစ်သည်။ စကားပြောရာတွင်လည်း ကြောက်ရွံ့တွန့်ဆုတ်ခြင်း၊ ဆိုင်းငံ့ခြင်း မရှိ၊ ရဲရဲဝံ့ဝံ့ ပြောဆိုတတ်သော ယောကျ်ားလေးစရိုက်လက္ခဏာရှိသူ ဖြစ်သည်။ Four Waves Feminisn သီအိုရီထဲရှိ အချက်(၄)ချက်နှင့် လေ့လာကြည့်ရာတွင် ဇာတ်ဆောင် လင်းရှုပါသည် မိန်းကလေးစရိုက်လက္ခဏာ အပြည့်ရှိသူ ဖြစ်၍ ဗဂျမ်းမှာ ယောကျ်ားပီသသော ယောကျ်ားလေးစရိုက်လက္ခဏာ အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

## နိဂုံး

ဤစာတမ်းသည် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုရှိ အဓိကဇာတ်ဆောင် (၂)ဦး၏ စကားခွန်းများကို လက်တွေ့အတ္ထဗေဒ လမ်းကြောင်းနှင့် စာပေသီအိုရီလမ်းကြောင်း နှစ်မျိုးမှ လေ့လာထားပါသည်။ ထိုသို့ လေ့လာရာတွင် အဓိကဇာတ်ဆောင်နှစ်ဦး၏ စရိုက်လက္ခဏာများ ပိုမိုပေါ်လွင်လာ စေရန် လက်တွေ့အတ္ထဗေဒရှိ Co-Operative Principle သီအိုရီကို ပင်မထား၍ စာပေ သီအိုရီနှင့် ချိတ်ဆက်၍ လေ့လာထားခြင်း ဖြစ်သည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၀)။ ***လက်တွေ့အတ္ထဗေဒနိဒါန်း***။ ပထမအကြိမ်။ ရန်ကုန်၊ ဆန်းသဇင်ပုံနှိပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Grice, H.P. (1975). ***Logic and Conversation***. New York, NY: Oxford University Press.

Leech, G.N. (1983). ***Principles of Pragmatics***. Longman: London.

### အင်တာနက်

https: // www. Pacilicu.eder/ about/ media/four-waves-feminism.